**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

**၄၇ ရက်မြောက်နေ့အစီအစဉ်**

**[ ၆-၉-၂၀၁၂ ] ( ကြာသပတေးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်သူ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်၏ အခြေခံပညာဦးစီး ဌာနကျောင်းနှင့် ပတ်သက်၍ ပြင်ဆင်ရမည့် ကိစ္စများအား ငွေပဒေသာပင် စိုက်ထူနိုင်ရန်အတွက် အလှူရှင်များထံ အလှူငွေ အဖြစ် ကောက်ခံယူခြင်းအား လုံးဝမပြုစေရန် ညွှန်ကြားချက် တစ်စုံ တစ်ရာထုတ်ပြန်ထားခြင်း ရှိ/မရှိ မိမိနယ်မြေအတွင်းရှိ ကျောင်း များအား ပြုပြင်ပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက် စာနှင့်ဖြစ်စေတင်ပြတောင်းခံခွင့်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ် (ကိုယ်စား) ဦးလှမြင့်၊ ဒေါပုံ မဲဆန္ဒနယ်၏ မြန်မာ့ ရုပ်သံလိုင်းများတွင် အရေးကြီးသတင်းများကို ထုတ်လွှင့်ကြေညာရာတွင် ဆွံ့အနားမကြား သူများအတွက် အလွယ်တကူ သိရှိနိုင်ရန် သင်္ကေတများ ထုတ်လွှင့်ပြသရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမန်းမောင်မောင်ဉာဏ်၊ ပန်းတနော် မဲဆန္ဒနယ်၏ ပြည်သူ့ လွှတ်တော်/ အမျိုးသား လွှတ်တော် တို့တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက် လေ့လာခွင့် ပြုရေး အတွက် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ယ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ " **အစိုးရ သတင်းစာများ၊ Internet Website တို့မှ လွှတ်တော် ကိုယ်စားလှယ်များအပေါ် ဝေဖန် တိုက်ခိုက်နေမှုများနှင့် ပတ်သက်၍ လွှတ်တော်မှ တုံ့ပြန် ဆောင်ရွက်မှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၆။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်က ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာ ဖတ်ကြား တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များကိုတင်ပြခြင်း (မေးခွန်း/ အဆို/ဥပဒေကြမ်း/ အထူး ကိစ္စရပ်များ) နှင့် အားနည်းချက်၊ အားသာချက်များ သုံးသပ်တင်ပြခြင်း။

၈။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပမည့်နေ့ရက် အား ရှင်းလင်း တင်ပြခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၄၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။